**Shan Women's Action Network**

P.O.Box 120, Phrasing Post Office, Chiang Mai 50205, Email: kenneri@shanwomen.org, Website: www.shanwomen.org

၂၀၀၉ ခုနှစ် မတ်လ (၂၈) ရက်နေ့

## ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ် လှုပ်ရှားဆောင်ရွက်ရေး အသင်း (SWAN) တည်ထောင်ခဲ့သည့် ဆယ်နှစ်မြောက် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

ယနေ့တွင် မိမိတို့အသင်း တည်ထောင်ခဲ့သည့် ဆယ်နှစ်မြောက် အထိမ်းအမှတ် "SWAN ၏ ဆယ်နှစ်တာခရီး" စာအုပ်ငယ် အမှတ်တရ ထုတ်ဝေခြင်းနှင့် SWAN ဝက်ဘ်ဆိုက်ကို မြန်မာ၊ ရှမ်းနှင့် ထိုင်း ဘာသာများဖြင့် ထပ်မံ ထုတ်လွှင့်လိုက်ပါသည်။ ထို့အပြင် ထိုင်း–ရှမ်းပြည်နယ်စပ်ရှိ မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင်လည်း ဆယ်နှစ်တာ အမှတ်တရ ပြခန်း၊ ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများ၊ ရှမ်းပြည်နယ်မှ ဌာနေမဲ့ ကလေးငယ်များနှင့်ပတ်သက်၍ SWAN ပညာရေးလုပ်ငန်းစဉ်မှတင်ဆက်သော မှတ်တမ်းတင်ဇာတ်လမ်းတိုလေး ပြသခြင်း အပါအဝင် အထိမ်းအမှတ်ပွဲကို ကျင်းပပါသည်။

ယခု ထုတ်ဝေသောစာအုပ်ငယ်တွင် အသင်း၏ ဆယ်နှစ်တာကာလအတွင်း ဖြတ်သန်းမှုအတွေ့အကြုံများအပေါ် ပြန်ပြောင်း အမှတ်ရသည့် စိတ်ထင်ဟပ်မှုများအပြင်၊ မိမိတို့ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာနောက်ခံ အခြေအနေများအောက်တွင် အမျိုးသမီးရေးကို အခြေခံ၊ ဦးတည်သော လှုပ်ရှားမှုတရပ် ဖော်ဆောင်ရာတွင် တွေ့ကြုံနေရသည့် ခက်ခဲနက်နဲပုံများကို ထိုးထွင်းမြင်သာအောင် တင်ပြခြင်းများ ပါဝင်ပါသည်။

မိမိတို့၏ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းမှာ ၁၉၉၆ မှ ၁၉၉၈ ခုနှစ် ကာလအတွင်း မြန်မာစစ်အစိုးရ၏ အတင်းအဓမ္မပြောင်းရွှေ့စေခြင်းများကြောင့် ရှမ်းပြည်အလယ်ပိုင်းရှိ ကျေးရွာသူ၊ ကျေးရွာသား ထောင်သောင်းများစွာ မြေလှန်အမြစ်ဖြုတ်ခံရပြီး၊ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာခဲ့ရသည့်နောက်ပိုင်း တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ ထွက်ပြေးတိမ်းရှောင်လာသော ရှမ်းဒုက္ခသည်များ၏ လိုအပ်ချက်များကို အရေးပေါ် တုံ့ပြန်ဖြေရှင်းကြရခြင်းက ဒေသအသီးသီးရှိ မိမိတို့၏ လူမှုအသိုင်းအဝိုင်းမှ တက်ကြွလှုပ်ရှားသူ ရှမ်းအမျိုးသမီးများအား ပေါင်းစုဆုံစေ၍ ပီပြင်သော လှုပ်ရှားမှုကွန်ယက်တခုကို ဖွဲ့စည်းရန် အရှိန်အဟုန် ပေးခဲ့သည်။ မိမိတို့အသင်းသည် ဤ တုန်လှုပ် နာကျည်းဖွယ်ရာ အခြေအနေများအကြား မွေးဖွားခဲ့ခြင်း ဖြစ်သည်။

ဆယ်နှစ်တာ ရှိသည့်တိုင်၊ ရှမ်းပြည်နယ်နှင့် မြန်မာပြည်အတွင်း ကျန်ဒေသများ၏အခြေအနေသည် ယခင်ကဲ့သို့ပင် ဆိုးဝါးနေဆဲဖြစ်သည်။ သို့သော် မိမိတို့အနေဖြင့် အမျိုးသမီးများတက်ကြွလှုပ်ရှားမှုအတွက် *နေရာတခု* ဖော်ဆောင်ပေးထားနိုင်ခြင်း၊ မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်းနှင့် ထိုထက်မက ကျယ်ဝန်းသော လူ့အဖွဲ့အစည်းအကြား ကျား၊ မ တန်းတူရေးလှုပ်ရှားမှုအတွက် အထောက်အကူပြုပေးနိုင်ခဲ့သည့်ကာလ ဟုလည်း ခံစားမိပါသည်။

မိမိတို့၏ ဆောင်ရွက်လှုပ်ရှားမှုများအားလုံးကို အမျိုးသမီးရေးဝါဒ အခြေခံမူများ စွဲကိုင်ထား၍ တန်းတူညီမျှရေး၊ လူ့အခွင့်အရေးနှင့် လူမှုရေးရာ တရားမျှတမှုရှိရေးများအတွက် လုပ်ဆောင်မည်ဟု သံဓိဋ္ဌာန်ထားရှိပါသည်။ စိန်ခေါ်ချက်များစွာ ရှိသော်ငြားလည်း မိမိတို့ ဖြတ်သန်းလာခဲ့ရသော လှုပ်ရှားမှုအတွေ့အကြုံများက ဤအခြေခံမူများအတိုင်း လုပ်ဆောင်နေသည့် မိမိတို့၏ယုံကြည်ချက်ကို ထပ်လောင်းအားဖြည့်ပေးနေသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မိမိတို့နှင့် လက်တွဲမဖြုတ်စတမ်း ကြံ့ကြံ့ခံရပ်တည်ပေးခဲ့သော မိတ်ဆွေများနှင့် အားပေးထောက်ခံသူ အားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ ဤအားပေးထောက်ခံမှုများက မတရားမှု မှန်သမျှကို စိန်ခေါ်တွန်းလှန်မည်၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြောင်းလဲမှုများ အမှန်တကယ်ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်မည် ဆိုသည့် မိမိတို့၏သံဓိဋ္ဌာန်ကို ပို၍ မြဲမြံစေပါသည်။

**ဆက်သွယ်ရန် –**

**ဆိုင်မွန်း** ၆၆ ၈၁ ၉၉၂ ၈၂၈၆ **ချမ်တောင်း** ၆၆ ၈၁ ၆၀၃ ၆၆၅၅

**မွန်းကိန်** ၆၆ ၈၁ ၁၁၁ ၅၄၈၅

SWAN အသင်းသည် ထိုင်းနိုင်ငံနှင့် ရှမ်းပြည်အတွင်း လှုပ်ရှားဆောင်ရွက်နေသည့် ရှမ်းအမျိုးသမီးများ၏ လှုပ်ရှားမှုကွန်ယက် အဖွဲ့ဖြစ်၍ ကျား–မ တန်းတူညီမျှရေးနှင့် တရားမျှတမှုများ ခံစားရရှိစေရေးအတွက် သံဓိဋ္ဌာန်ထားလှုပ်ရှားနေပါသည်။ မိမိတို့ အသင်းသည် မြန်မာနိုင်ငံမှ တိုင်းရင်းသူ အမျိုးသမီး အဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင် ဖွဲ့စည်းထားသော အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို စတင်တည်ထောင်ခဲ့သည့် အဖွဲ့များအနက်မှ တဖွဲ့ဖြစ်သည်။